ミャンマー語

# ဂျပန်နိုင်ငံတွင် နေထိုင်သော နိုင်ငံခြား သားများအတွက် လက်စွဲစာအုပ်

## ဂျပန်နိုင်ငံတွင် ရာဇဝတ်မှုများနှင့် မငြိစွန်းမိစေရန်နှင့် ဘေး ကင်းလုံခြုံစွာ နေထိုင်နိုင်ရန်အတွက်



တိုကျိုမြို့တော်အများပြည်သူ ဘေးကင်းလုံခြုံမှု မြှင့်တင်ရေး ဌာနချုပ်များ

မြို့တော် ရဲဌာနချုပ်

တိုကျိုလူဝင်မှုကြီးကြပ်ရေးဦးစီးဌာန

# မာတိကာ


| | |
|---|---|
| မိတ်ဆက် | P1 |
| ဂျပန်နိုင်ငံတွင်း နေထိုင်ရန် လိုက်နာရမည့် စည်းကမ်းချက်များ | P2 ~ P5 |
| သတိပြုရမည့် ဂျပန်ဥပဒေများ | P6 ~ P10 |
| စက်ဘီးစီးရာတွင် ဂရုပြုရမည့် အချက်များ | P11 ~ P13 |
| အလုပ်လုပ်ရာတွင် သတိပြုရမည့်အချက်များ | P14 ~ P17 |
| နေထိုင်ခွင့်ကတ်နှင့် ပတ်သက်၍ | P18 ~ P20 |
| တရားဝင် အလယ်အလတ် နှင့် ရေရှည်နေထိုင်ခွင့်ရှိသူများ၏ အကြောင်းကြားရမည့် တာဝန် | P21 ~ P24 |
| အရေးပေါ်အချိန်တွင် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ | P25 |

# တိုကျိုမြို့တော်တွင် နေထိုင်ကြသော နိုင်ငံခြားသားများအတွက်

တိုကျိုမြို့တော်တွင် နိုင်ငံခြားသား အများအပြား နေထိုင်ကြပါသည်။

သို့ပါသော်လည်း အချို့နိုင်ငံခြားသားများမှာ ဘာသာစကား၊ ယဥ်ကျေးမှုနှင့် ဘဝနေထိုင်မှု ကွာခြားချက်များကြောင့် ဂျပန်လူမျိုးများနှင့် ပြဿနာ ရှိနေကြပါသည်။

ထို့အပြင် ဂျပန်နိုင်ငံ၏ဥပဒေများကို မသိရှိသောလူများ ရှိနေပြီး မှားယွင်းသောအရာများကို မှတ်မိသိရှိနေခြင်းကြောင့် ၄င်းတို့မှာ သတိမမူမိပဲ ဥပဒေကို ချိုးဖောက်နေကြသည်။

ဂျပန်နိုင်ငံ၏ စည်းမျဥ်းစည်းကမ်းများ၊ အပြုအမူများ နှင့် ဥပဒေများကို နိုင်ငံခြားသားများ နားလည်ပြီး ဘေးအန္တရာယ်ကင်းရှင်းကာ လုံခြုံသောဘဝတစ်ခုကို ဦးတည်နိုင်စေရန် တိုကျိုမြို့တော်တွင် ယခုလက်စွဲစာအုပ်ကို ကျွန်ုပ်တို့ ဖန်တီးထုတ်လုပ်ခဲ့ပါသည်။



# ဂျပန်နိုင်ငံတွင်နေထိုင်ရန် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ

## ◆ အမှိုက်များကို အမှိုက်ပုံးတွင် စနစ်တကျစွန့်ပစ်ပါ။



အမှိုက်များကို လမ်းပေါ်တွင် စည်းမဲ့ကမ်းမဲ့ မစွန့်ပစ်ရပါ။ အမှိုက်ပုံးတွင်း စွန့်ပစ်ပါ။

## ◆ အမှိုက်များ စွန့်ပစ်ပုံစွန့်ပစ်နည်း စည်းကမ်းများကို လိုက်နာခြင်း။




အမှိုက်များကို သတ်မှတ်ထားသော နေ့ရက်၊ အချိန်အခါ၊ နေရာ နှင့် အမှိုက်အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်ပါရန်။



ထုထည်ကြီးမားသောစွန့်ပစ်ပစ္စည်းများကို တရားမဝင် မစွန့်ပစ်ရန်။

ထုထည်ကြီးမားသောစွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ရာတွင် မိမိနေထိုင်ရာ မြို့နယ်/ဒေသဆိုင်ရာ အုပ်ချုပ်ရေးရုံးများမှ ချမှတ်ထားသည့်စည်းကမ်းများကို လိုက်နာပါ။

## ◆ ငှားရမ်းမှု သဘောတူညီချက်တွင်းပါ စည်းမျဉ်းစည်းကမ်းများကို လိုက်နာပါ -









အိမ်ရှင်ထံမှ ခွင့်ပြုချက်မရပဲ အခြားအိမ်ငှားများကို ခေါ်တင်ခြင်း၊
အခြားသူများကို ပြန်လည်ငှားရမ်းခြင်း၊ အခန်းများကို
ပြန်လည်မွမ်းမံခြင်း နှင့် အိမ်မွေးတိရစ္ဆာန်များထားခြင်း ပြုလုပ်ခွင့်မရှိပါ။

သဘောတူညီချက်ပါ စည်းကမ်းအခေါ်အဝေါ်များအတိုင်း
လိုက်နာရန်ပျက်ကွက်ခြင်းက တိုင်းပြည်မှနှင်ထုတ်သည့်အမိန့်
ရစေနိုင်ပါသည်။

## ◆ သင်၏ အိမ်ခန်း သို့မဟုတ် တိုက်ခန်းရှေ့ရှိ လူသွားစင်္ကြံတွင် ပစ္စည်းများ ချမထားရ။



အခန်းအပြင်ဖက် စင်္ကြံန်များ နှင့် လှေကားများကို
အခြားလူများကလည်း အသုံးပြုပါသည်။
အကယ်၍ အရာဝတ္ထုများထားရှိပါက မီးလောင် သို့မဟုတ်
ငလျင်လှုပ်ချိန်၌ သင် အသက်ဘေးမှ လွတ်မြောက်နိုင်မည်မဟုတ်ပါ။

## ◆ သင့်အခန်း သို့မဟုတ် လူသွားစင်္ကြံတွင် အသံကျယ်လောင်စွာစကားပြောခြင်း၊ သီချင်းကို ကျယ်လောင်စွာနားထောင်ခြင်း မပြုပါရန်။





ကျယ်လောင်စွာ စကားပြောခြင်း နှင့် ကျယ်လောင်သောသီချင်းသံများက ပတ်ဝန်းကျင်ရှိလူများကို စိတ်အနှောင့်အယှက် ဖြစ်စေပါလိမ့်မည်။

အကယ်၍ သင် အသံဆူညံပါက ရဲအတိုင်ခံရနိုင်ပြီး ရဲအရာရှိများထံမှ အာရုံစိုက်ခြင်း ခံရနိုင်သည်။

## ◆ ရထားပေါ်၊ ဘတ်စ်ကားပေါ်တွင် ဖုန်းမပြောပါရန်၊ စကားကို ကျယ်လောင်စွာမပြောပါရန်။





တယ်လီဖုန်းစကားပြောသံ နှင့် ကျယ်လောင်စွာ စကားပြောခြင်းက ရထား ဘတ်စ်ကားစီးနေသူများကို စိတ်အနှောင့်အယှက်ဖြစ်စေနိုင်ပါသည်။ အကယ်၍ သင် အသံဆူညံပါက ပြဿနာကြုံတွေ့ရနိုင်ပါသည်။

လူများနေထိုင်ရာနေရာများ နှင့်
လူအများအပြားရှိသောနေရာများတွင်
စည်းမျဉ်းစည်းကမ်းများ နှင့်
အလေ့အထများကို လိုက်နာကျင့်သုံးပါ။

## ◆ အသက် ၂၀ နှစ် နှင့် အထက် အရွယ်ရှိသူများအနေဖြင့် အရက်နှင့် ဆေးလိပ် သောက်သုံးနိုင်ပါသည်။





ဂျပန်နိုင်ငံတွင် အသက် ၂၀ နှစ်အောက် (အသက် ၂၀ နှစ် မပြည့်သေးသူများ) အရွယ်ရှိသူများအနေဖြင့် အရက် သို့မဟုတ် ဆေးလိပ် မသောက်သုံးနိုင်ပါ။

## ◆ သတ်မှတ်ထားသည့်နေရာတွင်သာ ကျေးဇူးပြု၍ ဆေးလိပ်သောက်ပါ။






လမ်းလျှောက်ရင်းနှင့် ဆေးလိပ်မသောက်ရ သို့မဟုတ် ဆေးလိပ်သောက်ရန် သတ်မှတ်ထားသည့် နေရာမှလွဲ၍ အခြားနေရာတွင် ဆေးလိပ်မသောက်ရ။

ထို့အပြင် စီးကရက်များကို လမ်းများပေါ်တွင် မစွန့်ပစ်ရပါ။

တိုကျိုမြို့တော်၏ ဒေသန္တရအမိန့်အရ အဆောက်အအုံအတွင်းမှာ အခြေခံစည်းမျဉ်းအနေဖြင့် ဆေးလိပ်မသောက်ရနေရာ ဖြစ်သည်။

# သတိပြုရမည့် ဂျပန်ဥပဒေများ


## ◆ လစဉ်ကော်ရထားလက်မှတ်များ၊ ကျန်းမာရေးအာမခံ လက်မှတ်များကို ငှားရမ်းပေးခြင်း၊ ငှားယူသုံးစွဲခြင်း မပြုရ။




**အခြားသူတစ်ဦးဦး၏ လစဉ်ကော်ရထားလက်မှတ်၊ကျန်းမာရေးအာမခံလက်မှတ်၊ တစ်ဦးတစ်ယောက်ချင်းစီအလိုက် နံပါတ်ကဒ်(My Number Card) များကို အသုံးမပြုရပါ။ တစ်ဖန် မိမိ၏ လစဉ်ကော်ရထားလက်မှတ်၊ကျန်းမာရေးအာမခံလက်မှတ်၊တစ်ဦးတစ်ယောက်ချင်းစီအလိုက် နံပါတ်ကဒ်(My Number Card) ကို ငှားရမ်းပေးခြင်းမပြုလုပ်ရပါ။**

ယင်းက ဥပဒေ ချိုးဖောက်ခြင်းဖြစ်ပြီး အပြစ်ပေးခံရပါလိမ့်မည်။

## ◆ ပစ္စည်းတစ်ခုခုကို ကောက်ရပါက ရဲစခန်းသို့ ပို့ဆောင်ပါ။



**ကောက်ယူတွေ့ရှိသော ပိုက်ဆံအိတ်၊ ငွေကြေး၊ ကတ်များ ကို သင်၏ကိုယ်ပိုင်ပစ္စည်းအနေဖြင့် အသုံးမပြုနိုင်ပါ။**

ယင်းက ဥပဒေ ချိုးဖောက်ခြင်းဖြစ်ပြီး အပြစ်ပေးခံရပါလိမ့်မည်။

အကယ်၍ တစ်စုံတစ်ရာ သင်ပျောက်ဆုံးပါက ပျောက်ဆုံးကြောင်း တိုင်ကြားပါ။ ပျောက်ဆုံးသောပစ္စည်းအား ရှာတွေ့ပါက သင့်ထံပြန်ရောက်လာပါလိမ့်မည်။

## ◆အလစ်သုတ်ခြင်းသည် ရာဇဝတ်မှုဖြစ်သည်။



**အလစ်သုတ်ခြင်းသည် ဆိုင်မှပစ္စည်းကို အခကြေးငွေမပေးပဲ ယူသွားခြင်းဖြစ်သည်။**
ခိုးခြင်း၊သယ်ဆောင်ခြင်း၊စောင့်ကြည့်ခြင်း၊ထွက်ပြေးခြင်းတို့ကို အကူအညီပေးသော
အပြုအမူအားလုံးမှာ ရာဇဝတ်မှုမြောက်ပါသည်။
ဂျပန်ဆိုင်များတွင် လုံခြုံရေးကင်မရာများရှိပြီး လုံခြုံရေးအစောင့်များက
ယင်းတို့အားလှည့်လည်စောင့်ရှောက်နေပါသည်။
ဆိုင်မှပစ္စည်းများကို ဘယ်တော့မှ အလစ်မသုတ်ပါနှင့်။

## ◆ရပ်ထားသော အခြားသူ၏ စက်ဘီးကို မစီးသွားရန်။



**ရထားဘူတာများ သို့မဟုတ် လမ်းများပေါ်မှ စက်ဘီးများကို မယူသွားပါနှင့်။**
ယင်းက ဥပဒေ ချိုးဖောက်ခြင်းဖြစ်ပြီး အပြစ်ပေးခံရပါလိမ့်မည်။

## ◆အခြားသူတစ်ဦးဦး၏စိုက်ခင်းရှိ ဟင်းသီးဟင်းရွက်များ၊သစ်သီးများ၊အိမ်မွေးတိရိစ္ဆာန်များကို ခိုးယူခြင်းမပြုလုပ်ရပါ။

## ◆ခွင့်ပြုချက်မရှိဘဲ မြစ်၊ပင်လယ်တို့တွင် ငါး၊ခရုများ ဖမ်းခွင့်မရှိပါ။

## ◆ အပြင်ထွက်သောအချိန်၌ အန္တရာယ်ရှိသော ပစ္စည်းများကို မယူသွားရန်။



ဓား နှင့် မျက်ရည်ယိုစပရေး



**ခိုင်လုံသော အကြောင်းပြချက်မရှိလျှက် ဓားမြှောင်ကဲ့သို့သော အန္တရာယ်ရှိသည့်ပစ္စည်းများကို လက်ဝယ်တွေ့ရှိပါက အရေးယူအပြစ်ပေးခြင်း ခံရနိုင်ပါသည်။**

ယင်းက ဥပဒေ ချိုးဖောက်ခြင်းဖြစ်ပြီး အပြစ်ပေးခံရပါလိမ့်မည်။ အောက်ဖော်ပြပါအချက်များသည် အန္တရာယ်ရှိသောပစ္စည်းများကို သယ်ဆောင်ရန် ခိုင်လုံသောအကြောင်းပြချက်များမဟုတ်ပါ။

- မိမိကိုယ်ကို ခုခံကာကွယ်ရန်အတွက်
- သင့်အတွက် အဆင်ပြေသည်ဟုထင်သဖြင့် သင်နှင့်အတူသယ်ဆောင်ခြင်း
- ဖက်ရှင်ကျသည်ဟု ထင်သဖြင့်သယ်ဆောင်ခြင်း
- ယခင်က အလုပ် သို့မဟုတ် စခန်းချရာတွင် အသုံးပြုခဲ့သော်လည်း နေရာတကျပြန်ထားရန် အဆင်မပြေသဖြင့် အိတ်ထဲတွင်ရှိနေခြင်း

## ◆ တရားမဝင်သည့် ဆေးဝါးများ လက်ဝယ်ရှိခြင်း နှင့် အသုံးပြုခြင်းသည် ရာဇဝတ်မှုဖြစ်သည်။




**ဂျပန်နိုင်ငံတွင် အောက်ပါဆေးဝါးများကို လက်ဝယ်မထားရှိနိုင်ပါ သို့မဟုတ် အသုံးမပြုနိုင်ပါ။**

- စိတ်ကြွဆေး
- ကနားဘစ် (ဆေးခြောက်)
- ကိုကိန်း
- ဟီးရိုးအင်း (ဘိန်းဖြူ)
- အမ်ဒီအမ်အေ (MDMA)
- အန္တရာယ်ရှိသော ဆေးဝါးများ၊ စသဖြင့်။


တစ်ကြိမ်တစ်ခါတည်းသာ အသုံးပြုခြင်းကပင်လျှင် ရာဇဝတ်မှုဖြစ်သည်။ ဘယ်တော့မှ လက်ဝယ်မထားရှိပါနှင့် သို့မဟုတ် အသုံးမပြုပါနှင့်။ ဂျပန်နိုင်ငံတွင်းသို့ ယင်းတို့အား သယ်ဆောင်လာခြင်းကလည်း ရာဇဝတ်မှုတစ်ခုဖြစ်သည်။

## ◆အောက်ပါရာဇဝတ်မှုများမှာ!
## လွယ်လွယ်နှင့် ဝင်ငွေရမည်ဆိုသည့်အလုပ်များကို သတိပြုပါ။

- ဆဲလူလာဖုန်းများ၊ ဘဏ်ကတ်များ၊ ဘဏ်စာအုပ်များကို အခြားသူများအား ရောင်းချခြင်း လွှဲပြောင်းပေးခြင်း။





- ဆဲလူလာဖုန်းများ သို့မဟုတ် ဘဏ်အကောင့်များကို အခြားသူများအတွက် စာချုပ်ချုပ်ပေးခြင်း။




- ကုန်ပစ္စည်းများ အွန်လိုင်းမှမှာယူရာ၌ အခြားသူ၏ ခရက်ဒစ်ကတ် credit card ကို အသုံးပြုခြင်း။



- အခြားသူတစ်ဦးဦး၏ဘဏ်ကတ်ကိုသုံး၍ ငွေထုတ်ခြင်း။





- အခြားသူတစ်ဦးဦး၏အမည်ဖြင့် ပါဆယ်ထုတ် လက်ခံခြင်း
အခြားသူတစ်ဦးဦးထံသို့ လက်ဆင့်ကမ်းပို့ပေးခြင်း
သို့မဟုတ် သတ်မှတ်ထားသည့်နေရာသို့ လွှဲပို့ပေးခြင်း




အခြားသူတစ်ဦးဦးထံသို့ လက်ဆင့်ကမ်းပို့ပေးခြင်း
သို့မဟုတ် သတ်မှတ်ထားသည့်နေရာသို့ လွှဲပို့ပေးခြင်း

အခြားသူတစ်ဦးဦး၏အမည်ဖြင့်
ပါဆယ်ထုတ် လက်ခံခြင်း

- အခြားသူများထံမှ စာအိတ်များ သို့မဟုတ် ခရီးဆောင်အိတ်များကို ၎င်းတို့ထဲတွင် ဘာပါမှန်းမသိပဲနှင့် လက်ခံပြီး ယင်းတို့အား လာတောင်းသူထံ လွှဲပေးခြင်း။




## သတိပြုပါ။

ဤကဲ့သို့သော လုပ်ဆောင်ချက်များနောက်ကွယ်တွင်
အဖွဲ့အစည်းဖွဲ့၍လုပ်ကိုင်သော ရာဇဝတ်ဂိုဏ်းများရှိသည်။
ကာယကံရှင်က ရည်ရွယ်ချက်မရှိသော်လည်း
ရာဇဝတ်မှုကို ကူညီပံ့ပိုးပေးခြင်းဖြင့်
ရာဇဝတ်မှုကျူးလွန်ရာ ရောက်နိုင်သည်။
ဝင်ငွေလွယ်လွယ်ရပုံပေါ်သောကြောင့် လွယ်လင့်တကူ
ပါဝင်ပတ်သက်မှုမလုပ်ပါနှင့်။



# စက်ဘီးစီးရာတွင် သတိပြုရမည့်အချက်များ

## ◆ဝင်ငွေလွယ်လွယ်ရပုံပေါ်သောကြောင့် လွယ်လင့်တကူ ပါဝင်ပတ်သက်မှုမလုပ်ပါနှင့်။




| | | |
|---|---|---|
| **စက်ဘီးစီးရာတွင် သတိပြုရမည့်အချက်များ** | ▸ | စက်ဘီးအသစ်ကို မှတ်ပုံတင်ရန် လိုအပ်သည် |
| **သင် စက်ဘီးလက်ဆောင်ရရှိချိန်တွင် -** | ▸ | ပိုင်ရှင်အမည်ပြောင်းလဲမှုကို မှတ်ပုံတင်ရန် လိုအပ်သည် |

“စက်ဘီးနှင့်ဆိုင်သည့် ရာဇဝတ်မှုတားဆီးရေး မှတ်ပုံတင် (Bicycle Crime Prevention Registry)” ဟု သင်္ကေတပြထားသော စက်ဘီးအရောင်းအဝယ်လုပ်သူတစ်ဦးထံတွင် ရာဇဝတ်မှုတားဆီးရေး မှတ်ပုံတင်ကို သင် လျှောက်ထားနိုင်ပါသည်။
ရာဇဝတ်မှု တားဆီးရေးမှတ်ပုံတင်ပါ အမည်ကို ပြောင်းလဲလိုပါက သင့်အနေဖြင့် အခကြေးတစ်ခု၊ နေထိုင်ခွင့်ကတ် နှင့် (အကယ်၍ သင့်ထံတွင်ရှိပါက) လုံခြုံရေး မှတ်ပုံတင် (Security registration) ကတ် သင် လိုအပ်ပါလိမ့်မည်။

## ◆စက်ဘီးကို သတ်မှတ်ထားသော စက်ဘီးရပ်ရမည့်နေရာတွင် ရပ်ပါ။




သတ်မှတ်ထားသောနေရာတွင် စက်ဘီးမရပ်ပဲ
ဘူတာရုံအစရှိသောနေရာရှေ့တွင် ရပ်ထားပါက --
စက်ဘီးကို ဖယ်ရှားယူဆောင်သွားမည်။
စက်ဘီးကို သတ်မှတ်ထားသော စက်ဘီးရပ်ရမည့်နေရာတွင် ရပ်ပါ။

## ◆သတ်မှတ်ထားသောနေရာတွင် စက်ဘီးမရပ်ပဲ ဘူတာရုံအစရှိသောနေရာရှေ့တွင် ရပ်ထားပါက -- စက်ဘီးကို ဖယ်ရှားယူဆောင်သွားမည်။

## စက်ဘီးများကို ဘေးကင်းစွာစီးနင်းရန် စည်းကမ်းချက်ငါးရပ်

### ① အခြေခံအားဖြင့် စက်ဘီးများကို ယာဉ်သွားလမ်းတွင်သာ စီးနင်းရမည်ဖြစ်ပြီး ခြွင်းချက်အနေဖြင့် လူသွားလမ်းတွင်လည်း စီးနင်းနိုင်သည်။





အောက်ပါအခြေအနေများ၌ လူသွားလမ်းမှာ စက်ဘီးစီးနိုင်ပါသည် -

- “လူသွားလမ်းတွင် စက်ဘီးစီးခွင့်ပြုသည်” ဟု ညွှန်းဆိုထားသည့် သင်္ကေတရှိပါက
- အောက်ပါအခြေအနေများ၌ လူသွားလမ်းမှာ စက်ဘီးစီးနိုင်ပါသည် -
- အောက်ပါအခြေအနေများ၌ လူသွားလမ်းမှာ စက်ဘီးစီးနိုင်ပါသည် -



### ② ကားလမ်း၏ လက်ဝဲဘက်၌ ကပ်၍ စီနင်းရပါမည်



လမ်းပေါ်တွင် စက်ဘီးစီးပါက ကားကဲ့သို့ပင် ဘယ်လမ်းကြောင်း ဖြစ်ပါသည်။ ညာလမ်းကြောင်းခြင်းကို တားမြစ်ထားပါသည်။

## ③ လူသွားလမ်းများတွင် ခြေကျင်လျှောက်သူများကို ဦးစားပေး၍ စက်ဘီးစီးသူက ကားလမ်းဘက်ကပ်၍ ဖြည်းနှင့်စွာစီးပါ။




ဘေးလမ်းပေါ်တွင် စက်ဘီးစီးသွားပါက ကားဝင်ပေါက် အနီးတွင် ချက်ချင်းရပ်နိုင်စေမည့် အရှိန်ဖြင့်နှင်းပါ။
အကယ်၍ သင်သည် လူသွားလမ်းကြောင်းကို ပိတ်နေပါက ခဏရပ်ပါ။

## ④ ဘေးကင်းရေး စည်းကမ်းချက်များကို လိုက်နာပါ



အရက်မူးပြီး စက်ဘီးစီးခြင်းကို တားမြစ်ပါသည်



နှစ်ယောက်စီးခြင်းကို တားမြစ်ပါသည်



စက်ဘီးယှဉ်စီးခြင်းကို တားမြစ်ပါသည်



ထီးဆောင်းရင်း စက်ဘီးစီးခြင်းကို တားမြစ်ပါသည်။




ညအချိန်တွင် မီးဖွင့်စီးပါ



မီးပွိုင့်များတွက် ယာဉ်အသွားအလာအချက်ပြမီးများကို လိုက်နာပါ။ ခေတ္တခဏ စက်ဘီးရပ်ပြီး ဘေးကင်းမကင်းကြည့်ပါ။

## ⑤ ဦးထုပ်ဆောင်းပါ

တိုကျိုတွင် စက်ဘီးစီးသူများ ဦးထုပ်ဆောင်းရေးကို တိုက်တွန်းနှိုးဆော်နေပါသည်။



◆ **တိုကျိုမြို့တော်အတွင်းတွင် စက်ဘီးစီးမည်ဆိုပါက၊ တစ်ပါးသူအားထိခိုက်မိစေသည့်မတော်တဆမှုလျော်ကြေးငွေပေးဆောင်နိုင်ရန်အတွက် အာမခံစသည်တို့ဝင်ထားရန် လိုအပ်ပါသည်။**

# အလုပ်လုပ်ချိန်တွင် သတိပြုရမည့်အချက်များ

## ◆အချိန်ပိုင်းအလုပ်မလုပ်မီ ကိုင်ဆောင်ထားသော နေထိုင်ခွင့်မှ ဘောင်ကျော်လှုပ်ရှားပိုင်ခွင့် ခွင့်ပြုချက်အား ကြိုတင်၍ ရယူထားပါ။










လူဝင်လူထွက် ထိန်းချုပ်မှု နှင့် ဒုက္ခသည် အသိအမှတ်ပြုရေး အက်ဥပဒေမှ အဓိပ္ပါယ်သတ်မှတ်ထားသည့်အတိုင်း နိုင်ငံခြားသားများအား ၎င်းတို့၏ နေထိုင်မှုအဆင့်အတန်း ကန့်သတ်ချက်အတွင်း အလုပ်လုပ် ခွင့်ပြုပါသည်။

အောက်ပါအခြေအနေရပ်များတွင် ကျေးဇူးပြု၍ ဘောင်ကျော်လှုပ်ရှားမှု ခွင့်ပြုချက်တစ်ခု ကြိုတင်ရယူပါ။

- ဂျပန်နိုင်ငံတွင် အလုပ်လုပ်ရန် ခွင့်ပြုချက်မရသည့် “ကျောင်းသား” သို့မဟုတ် “မိသားစု” အဖြစ် နေထိုင်ခွင့်အဆင့် ရှိသူတစ်ဦး အနေဖြင့် အချိန်ပိုင်းအလုပ် လုပ်နိုင်ပါသည်
- “အင်ဂျင်နီယာ၊ လူမှုအသိပညာ၊ နိုင်ငံတကာရေးရာ ဝန်ဆောင်မှုများ” ကဲ့သို့ နေထိုင်ခွင့်အဆင့်ဖြင့် ဂျပန်နိုင်ငံတွင် အလုပ်လုပ်ရန် ခွင့်ပြုချက်ရှိသူများ အနေဖြင့် နေထိုင်ခွင့်အဆင့်အတွင်း သတ်မှတ်ထားသည့် လှုပ်ရှားမှုများအပြင် အချိန်ပိုင်းအလုပ် လုပ်၍ရပါသည်



### သတိပြုပါ။

ဘောင်ကျော်လှုပ်ရှားမှု ခွင့်ပြုချက်များအတွက် အချိန်သက်တမ်းတစ်ခု ရှိပါသည်။ ကန့်သတ်ချက်အတိုင်း လိုက်နာမှုမရှိပဲ ဘောင်ကျော် သို့မဟုတ် အချိန်ပိုင်း အလုပ်လုပ်ရန် ခွင့်ပြုချက် ရယူမှုမရှိပဲ အချိန်ပိုင်းအလုပ်ကို သင်မလုပ်ရပါ။ ယင်းက ဥပဒေ ချိုးဖောက်မှုဖြစ်ပြီး သင့်အား အပြစ်ပေးနိုင်ပါသည် သို့မဟုတ် ပြည်နှင်ဒဏ်ပေးနိုင်ပါသည်။



မလုပ်ပါနှင့်။

## ◆ခွင့်ပြုချက်ရရှိပြီးနောက် သင့်အနေဖြင့် အချိန်ပိုင်းအလုပ် လုပ်ပါက တစ်ပတ်လျှင် ၂၈ နာရီထက် ပိုမလုပ်ရန်။

၂၈ နာရီ + ၂၀ နာရီ = ၄၈ နာရီ







အများဆုံး ၂၈ နာရီ

သင်သည် အလုပ်နေရာအမျိုးမျိုးတွင် အလုပ်လုပ်နေစေကာမူ စုစုပေါင်းနာရီမှာ တစ်ပတ်လျှင် ၂၈ နာရီထက် မပိုရပါ။

"ကျောင်းသား" အဖြစ် နေထိုင်ခွင့်ရှိသူများသည် ကျောင်းမှသတ်မှတ်ထားသည့်ပိတ်ရက်အတွင်း (နွေရာသီ ကျောင်းပိတ်ရက်၊ ဆောင်းရာသီ ပိတ်ရက် စသဖြင့်) ၌ တစ်နေ့လျှင် ၈ နာရီအထိ အလုပ်လုပ်နိုင်သည် (တစ်ပတ်လျှင် အများဆုံး နာရီ ၄၀)

## ◆ခွင့်ပြုချက်ရရှိပြီးနောက် သင်က အချိန်ပိုင်းအလုပ် လုပ်ပါက အရွယ်ရောက်ပြီးသူများ ဖျော်ဖြေရေးကဏ္ဍတွင် မလုပ်ပါနှင့်





အောက်ပါ နေရာများတွင် အချိန်ပိုင်းအလုပ် မလုပ်နိုင်ပါ။

•ခွင့်ပြုချက်ရရှိပြီးနောက် သင်က အချိန်ပိုင်းအလုပ် လုပ်ပါက အရွယ်ရောက်ပြီး သူများ ဖျော်ဖြေရေးကဏ္ဍတွင် မလုပ်ပါနှင့်

• ဂိမ်းစင်တာများ • မာဂျောက်ဆိုင်များ • ပါချင်ကို လောင်းကစားရုံများ

• "Love hotels" • "တယ်လီဖုန်း ကလပ်များ" • "Deai kissa"

• ကာမအသုံးအဆောင် စတိုးများ • ကာမ ဗွီဒီယိုဆိုင်များ

• သီးသန့်အခန်းဖြင့် ဗွီဒီယိုဆိုင်များ • အငှားလိုက် ပြည့်တန်ဆာလုပ်ငန်းများ

ယင်းသို့သောနေရာမျိုးတွင်တံခါးစောင့်၊ပန်းကန်ဆေး၊စားပွဲထိုး၊ခန်းမဝန်ထမ်း၊စသည်တို့ကဲ့သို့သောအလုပ်လုပ်ရန်ပင်သင့်အားခွင့်မပြုပါ။

## ◆ ခွင့်ပြုချက်ရရှိပြီးနောက် အချိန်ပိုင်းအလုပ်လုပ်မည်ဆိုပါက လိင်မှုဆိုင်ရာဖျော်ဖြေရေးနှင့် အလားတူသော လုပ်ငန်းများတွင် မလုပ်မိရန် သတိပြုပါ။





သင့်အနေဖြင့် လိင်ပိုင်းဆိုင်ရာဝန်ဆောင်မှုများပါသည့် အနှိပ်ခန်း သို့မဟုတ် ဖောက်သည်တစ်ဦးဘေးတွင်ထိုင်ပြီး စကားစမြည်ပြောရသည့် သို့မဟုတ် သောက်ရသည့် စားသောက်ဆိုင်တစ်ခုတွင် အလုပ်မလုပ်သင့်ပါ။

အကယ်၍ ဆိုင်ရှင်က အိုကေပါသည်ဟု ပြောလျှင်တောင်မှ သင် မယုံကြည်ပါနှင့်။

အကယ်၍ သင်သည် အရွယ်ရောက်သူဖျော်ဖြေရေးလုပ်ငန်းတွင်း အလုပ်လုပ်နေကြောင်း ကိုယ်တိုင်မသိခဲ့လျှင်တောင်မှ သင့်အား အပြစ်ပေးနိုင်ပါသည် သို့မဟုတ် ပြည်နှင်ဒဏ်ပေးနိုင်ပါသည်။

## ◆ ကျောင်းထွက်ပြီးနောက်ပိုင်းတွင် အချိန်ပိုင်းအလုပ် လုပ်၍မရပါ။



အင်တာနေရှင်နယ်ကျောင်းသားတစ်ဦးသည် ကျောင်းမှ နုတ်ထွက်မှု သို့မဟုတ် ကျောင်းထုတ်ခံရမှုကြောင့် ကျောင်းထွက်ပါက သူ/သူမအနေဖြင့် အချိန်ပိုင်းအလုပ် မလုပ်နိုင်ပါ။

အကယ်၍ နေထိုင်ခွင့်သက်တမ်း နှင့် ဘောင်ကျော်လုပ်ရှားခွင့် ခွင့်ပြုချက်သက်တမ်း ကျန်ရှိနေသေးလျှင်တောင်မှ အချိန်ပိုင်း အလုပ်လုပ်ရန် ခွင့်မပြုပါ။

ကျောင်းမှထွက်ပြီးနောက်ပိုင်း အချိန်ပိုင်းအလုပ် သင်လုပ်ပါက သင့်အား အပြစ်ပေးနိုင်ပါသည် သို့မဟုတ် ဂျပန်နိုင်ငံမှ အတင်းအကျပ် ပြည်နှင်ဒဏ်ပေးနိုင်ပါသည်။

## ◆ မှတ်ပုံတင်ကြေးတောင်းသည့် အချိန်ပိုင်းအလုပ်ကို သတိပြုပါ။



နိုင်ငံခြားသားတစ်ဦးအား အချိန်ပိုင်းအလုပ်တစ်ခု မိတ်ဆက်ပေးပြီး လိမ်လည်ကာ မှတ်ပုံတင်ကြေး ညာယူသည့် ရာဇဝတ်မှုမျိုး ရှိပါသည်။ မှတ်ပုံတင်ကြေးသို့မဟုတ်လွှဲပြောင်းကြေးဟုပြောပြီးငွေတောင်းသူများကို သတိထားပါ။

## ◆ ခွင့်ပြုချက်မရပဲ သင်၏အိမ်ကို အခကြေးငွေဖြင့် တည်းခိုရန် မကမ်းလှမ်းပါနှင့်။



ခရီးသွားများထံမှ အခကြေးငွေယူပြီး သင့်အိမ်တွင်တည်းခိုခွင့်ပြုရန်အလို့ငှာ ကျန်းမာရေးရုံး အစရှိသောဌာနမှ ခွင့်ပြုချက်ရယူရန် သို့မဟုတ် စီရင်စု အုပ်ချုပ်ရေး သို့မဟုတ် မြို့နယ်ရုံးများကို အသိပေးရန် လိုအပ်ပါသည်။ အကယ်၍ သင်သည် ခွင့်ပြုချက်မရပဲ တည်းခိုရန်နေရာပေးပါက

# နေထိုင်ခွင့်ကတ်နှင့် ပတ်သက်၍

## ◆သင်၏နေအိမ်မှ အပြင်ထွက်ပါက သင်၏ နေထိုင်ခွင့်ကတ်ကို သင်နှင့်အတူ အစဉ်ယူဆောင်သွားပါ။




နေထိုင်ခွင့်ကတ်ကို ဂျပန်နိုင်ငံတွင်း အချိန်ကြာကြာနေထိုင်သူ နိုင်ငံခြားသားများအား ထုတ်ပေးပါသည်။
သင့်ထံတွင် နေထိုင်ခွင့်ကတ်တစ်ခု ရှိရပါမည်။
နေထိုင်ခွင့်ကတ်တစ်ခုမရှိခြင်းသည် ဥပဒေ ချိုးဖောက်ခြင်း ဖြစ်ပြီး သင့်အား ဒဏ်ငွေတပ်နိုင်ပါသည်။
သင့်ထံတွင် နိုင်ငံကူးလက်မှတ် သို့မဟုတ် ကျန်းမာရေးအာမခံလက်မှတ် ကဲ့သို့သော အခြား အထောက်အထားကတ်များရှိသည့်တိုင် နေထိုင်ခွင့်ကတ်တစ်ခု သင့်ထံတွင် ရှိရပါမည်။

နေထိုင်ခွင့်ကတ် ရရှိရန်အကျုံးဝင်သူများ (“အလယ်အလတ် မှ ရေရှည်နေထိုင်ခွင့်ရှိသူများ”) သည် အောက်ပါ အချက် ① မှ ⑥ အတွင်း မည်သည့်တစ်ခုတွင်းမှ မကျရောက်သူများဖြစ်သည်။

❶ သုံးလအထိ နေထိုင်ခွင့်ရသူ။

❷ “ကာလတို နေထိုင်ခွင့်” အနေဖြင့် နေထိုင်ခွင့်ရသူ။

❸ “သံတမန်” သို့မဟုတ် “အစိုးရကိစ္စ” အနေဖြင့် နေထိုင်ခွင့်ရသူ။

❹ ဂျပန်နိုင်ငံရှိ တိုင်ဝမ် - ဂျပန် ချစ်ကြည်ရေးအဖွဲ့အစည်းများရုံးမှ အရာရှိများ (တိုင်ပေ စီးပွားရေး နှင့် ယဉ်ကျေးမှုရေးရာ ကိုယ်စားလှယ်ရုံး စသည်တို့) သို့မဟုတ် ဂျပန်နိုင်ငံရှိ ပါလက်စတိုင်း အထွေထွေဌာနမှ အရာရှိများ သို့မဟုတ် ၎င်းတို့၏ မိသားစုဝင်များ။

❺ အထူး ထာဝရနေထိုင်ခွင့်ရသူများ

❻ နေထိုင်ခွင့်အဆင့်တစ်ခု မရှိသူများ

## ◆ ရဲ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှသင်၏ နေထိုင်ခွင့်ကတ်ကို ပြသရန် တောင်းခံလာပါက ကျေးဇူးပြု၍ ယင်းအားပြသပါ။




ရဲအရာရှိများစသည်တို့က နိုင်ငံခြားသားများအား ၎င်းတို့၏ နေထိုင်ခွင့်ကတ်ကို ပြသရန်တောင်းခံလာပါက ၎င်းတို့အနေဖြင့် နေထိုင်ခွင့်ကတ်ကို ပြသရန် ဝတ္တရားရှိပါသည်။

အကယ်၍ ရဲအရာရှိတစ်ဦးက သင်၏ နေထိုင်ခွင့်ကတ်ကိုပြသရန် တောင်းခံချက်ကိုတုံ့ပြန်ပြီး သင်က မပြသပါက အပြစ်ပေးခံရပါလိမ့်မည်။

## ◆ နေထိုင်ခွင့်ကတ်တွင် တရားဝင်သက်တမ်းတစ်ခု ရှိပါသည်။




- **နေထိုင်ခွင့်အဆင့်အတန်း "ထာဝရနေထိုင်ခွင့်"/"အဆင့် ၂ ရှိသော အရည်အချင်းမြင့်မားသည့် ကျွမ်းကျင်သူများ"**

  အသက် ၁၆ နှစ်ထက် ကြီးသူများ - ခွင့်ပြုသည့်နေ့စွဲမှ ၇ နှစ်

  အသက် ၁၆ နှစ် အောက် ငယ်ပါက - အသက် ၁၆ နှစ် ပြည့်သည့်မွေးနေ့အထိ

- **"အဆင့် ၂ ရှိသော အရည်အချင်းမြင့်မားသည့် ကျွမ်းကျင်သူများ" မဟုတ်သည့် နေထိုင်ခွင့်ရှိသူများ**

  အသက် ၁၆ နှစ် အထက် - သင်နေထိုင်နိုင်သည့် နေ့စွဲ သက်တမ်းကုန်ဆုံးသည်အထိ

  အသက် ၁၆ နှစ် အောက် (သင် အသက် ၁၆ နှစ်ပြည့်သည့် မွေးနေ့အထိ သို့မဟုတ် သင်နေထိုင်နိုင်သည့် နေ့စွဲ သက်တမ်းကုန်ဆုံးသည်အထိ) မည်သည်က အရင်လာသည်ဖြစ်စေ

## ◆ သင်၏ နေထိုင်ခွင့်ကတ် ပျောက်ဆုံးသွားပါက ပြန်လည်ထုတ်ယူရန် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနတွင် ချက်ချင်းပြန်လျှောက်ပါ။






ပြန်လည်ထုတ်ယူရန် လျှောက်ထားရာတွင် ပျောက်ဆုံးကြောင်း သက်သေ (ပျောက်ဆုံးကြောင်း သက်သေခံလက်မှတ်၊ ခိုးယူခံရကြောင်း သက်သေခံလက်မှတ်၊ သဘာဝဘေးအန္တရာယ် သက်သေခံလက်မှတ်၊ စသဖြင့်)၊ နိုင်ငံကူးလက်မှတ် နှင့် ဓာတ်ပုံ တို့ သင်လိုအပ်ပါလိမ့်မည်။ သင်၏ဒေသန္တရ လူဝင်မှုကြီးကြပ်ရေးရုံး နှင့် လူဝင်မှုကြီးကြပ်ရေး ရုံးတွင် ကြိုတင်မေးမြန်းပါ။
အကယ်၍ ၁၄ ရက်အတွင်း သင်မလျှောက်ထားပါက သင်အပြစ်ပေးခံရနိုင်ပါသည်။

## ◆ နေထိုင်ခွင့်ကတ်ကို ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း မပြုရ။



ကတ်ကို မငှားပေးပါနှင့်။ ကတ်ကို မလွှဲပြောင်းပေးပါနှင့်။

ကတ်ကို မငှားပေးပါနှင့်။ ကတ်ကို မလွှဲပြောင်းပေးပါနှင့်။

သင်၏ နေထိုင်ခွင့်လက်မှတ်အား တရားမဝင်အသုံးပြုခံရမည်ကို သိနေပါက ယင်းအား မငှားပါနှင့် သို့မဟုတ် မလွှဲပြောင်းပေးပါနှင့်။
သင်၏ နေထိုင်ခွင့်ကတ် သက်တမ်းကုန်ဆုံးသွားပြီးလျှင်တောင်မှ ယင်းအား မငှားရပါ။ ယင်းက ဥပဒေ ချိုးဖောက်ခြင်းဖြစ်ပြီး သင့်အား အပြစ်ပေးခံရနိုင်ပါသည် သို့မဟုတ် ပြည်နှင်ဒဏ်ပေးခြင်း ခံရနိုင်ပါသည်။

### အတုပြုလုပ်ထားသော သို့မဟုတ် ပြင်ဆင်ထားသော နေထိုင်ခွင့်ကတ်များကို သတိထားပါ။

အသုံးပြုရန်ရည်ရွယ်ပြီး အတုအပ ပြုလုပ်ထားသော သို့မဟုတ် ပြောင်းလဲထားသော နေထိုင်ခွင့်ကတ်တစ်ခု ကိုင်ထားသည့် နိုင်ငံခြားသားများအနေဖြင့် နေထိုင်ခွင့်အဆင့်ရှိနေလျှင်တောင်မှ အပြစ်ပေးခံရနိုင်ပါသည် သို့မဟုတ် ပြည်နှင်ဒဏ်ပေးခြင်း ခံရနိုင်ပါသည်။



# တရားဝင် အလယ်အလတ်မှ ရေရှည်နေထိုင်ခွင့်ရှိသူများ၏ အကြောင်းကြားရမည့်တာဝန်

◆ အလယ်အလတ် မှ ရေရှည်နေထိုင်ခွင့်ရှိသူများအနေဖြင့် ၎င်းတို့၏ ဂျပန်နိုင်ငံတွင်း နေရပ်လိပ်စာ နှင့် ၎င်းတို့ အလုပ်လုပ်ကိုင်သည့် အဖွဲ့အစည်း (ကုမ္ပဏီ၊ ဆိုင်၊ ကျောင်း၊ စသည်ဖြင့်) တို့ကို ၎င်းတို့၏ သက်ဆိုင်ရာ မြို့နယ် နှင့် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန သို့ အစီရင်ခံရန် လိုအပ်ပါသည်။




အလယ်အလတ် နှင့် ရေရှည်နေထိုင်ခွင့်ရှိသူများအနေဖြင့် လူဝင်လူထွက် ထိန်းချုပ်ရေး နှင့် ဒုက္ခသည် အသိအမှတ်ပြုရေး အက်ဥပဒေအရ လိုအပ်သည့်အတိုင်း အသိပေးချက်တစ်ခု တင်သွင်းရပါမည်။

- လိပ်စာ တည်နေရာ
- အမည်၊ မွေးနေ့၊ နိုင်ငံသား/ ဒေသ၊ လိင်
- တွဲဖက် အဖွဲ့အစည်း (လုပ်ရှားရေး အဖွဲ့၊ ကန်ထရိုက် အဖွဲ့) ※
- အိမ်ထောင်ဖက်နှင့် ကွာရှင်းပါက၊ အိမ်ထောင်ဖက် သေဆုံးပါက ※


※ တွဲဖက် အဖွဲ့အစည်းများ နှင့် အိမ်ထောင်ဖက်များနှင့် ဆက်စပ်သည့် အသိပေးချက်များကို ဦးတည်သတ်မှတ်ထားသူမှ ဆုံးဖြတ်ပါသည်။

အကြောင်းကြားရန် ဝတ္တရားကို ဖြည့်ဆည်းရန်ပျက်ကွက်ပါက သို့မဟုတ် အမှားတစ်ခုကို လိမ်လည်၍တင်သွင်းပါက အပြစ်ပေးခြင်း သို့မဟုတ် သင်၏နေထိုင်ခွင့်အဆင့်ကို ဖျက်သိမ်းခြင်း ရလဒ်ရစေနိုင်ပါသည်။

အကယ်၍ အကြောင်းကြားရန် ဝတ္တရားကို ဖြည့်ဆည်းရန်ပျက်ကွက်ပါက

- နေထိုင်ခွင့်အဆင့်ကို ပြောင်းလဲရန်အတွက် လျှောက်ထားခြင်း
- နေထိုင်ခွင့်သက်တမ်းတိုးရန် ခွင့်ပြုချက် လျှောက်ထားခြင်း
- ထာဝရနေထိုင်ခွင့် ခွင့်ပြုချက်တစ်ခုလျှောက်ထားသောအခါတွင် သင့်အား အပြုသဘောမဆောင်သည့် ဆန်းစစ်မှုပြုခြင်းခံရနိုင်ပြီး အပြစ်ပေးခံရနိုင်ပါသည်။

## ◆ ဂျပန်နိုင်ငံတွင်းသို့ ဝင်ရောက်ပြီးနောက် သင်နေထိုင်မည့်နေရာကို ဆုံးဖြတ်ပါက သို့မဟုတ် သင်နေထိုင်ရာနေရာပြောင်းလဲပါက သင်၏ နေရပ်လိပ်စာသစ်ကို သက်ဆိုင်ရာ မြို့နယ်ရုံးသို့ အသိပေးကြောင်း သေချာပါစေ။



လိပ်စာကို ဆုံးဖြတ်ပါက



လိပ်စာ ပြောင်းလဲပါက

နေရပ်လိပ်စာသစ်တစ်ခုကိုသက်ဆိုင်ရာ မြို့နယ်ရုံးများသို့တင်သွင်းရာတွင် နေထိုင်ခွင့်ကတ်တစ်ခုလိုအပ်ပါသည်။

## ◆ သင် အိမ်ထောင်ပြုပါက သို့မဟုတ် သင်၏အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံသား သို့မဟုတ် လိင် ပြောင်းလဲသည့်အချိန်မျိုးရှိလာပါက လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနသို့ ချက်ချင်း အသိပေးပါ။




အမည်၊ နိုင်ငံသား စသဖြင့် ပြောင်းလဲခြင်း

လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနသို့ အသိပေးချက်တစ်ခု တင်သွင်းသောအခါ သင့်အနေဖြင့် နိုင်ငံကူးလက်မှတ်၊ ဓာတ်ပုံ၊ နေထိုင်ခွင့်ကတ် အပြင် သင်၏အမည်ပြောင်းလဲပြီးကြောင်း သက်သေပြရန် အခြား အရာများ သင် လိုအပ်ပါလိမ့်မည်။

## ◆အကယ်၍ သင် ကျောင်းမှထွက်ပါက သို့မဟုတ် ကုမ္ပဏီပြောင်းပါက လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသို့ ချက်ချင်းအသိပေးပါ။



ဘွဲ့ရခြင်း၊ ကျောင်းအပ်ခြင်း၊ ကျောင်းပြောင်းခြင်း၊ ကျောင်းထွက်ခြင်း၊ စသဖြင့်။



အလုပ်ပြောင်းခြင်း၊ ပင်စင်ယူခြင်း၊ စသဖြင့်။

### အကြောင်းကြားရန် လိုအပ်သည့် နေထိုင်ခွင့်အမျိုးအစားများ

ပါရဂူ၊ အဆင့်မြင့် ကျွမ်းကျင်ပညာရှင်၊ စီးပွားရေးလုပ်ငန်းပညာရှင်၊ လုပ်ငန်းမန်နေဂျာ၊ တရားရေးရာ၊ စာရင်းဇယားဝန်ဆောင်မှုများ၊ ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများ၊ နည်းပြဆရာများ၊ ကုမ္ပဏီဝန်ထမ်း လွှဲပြောင်းနေရာချထားမှု၊ နည်းပညာဆိုင်ရာ လက်တွေ့အလုပ်သင်၊ ပညာတော်သင်၊ သုတေသန၊ အင်ဂျင်နီယာ၊ လူသားရေးရာပညာရှင်၊ နိုင်ငံတကာရေးရာဝန်ဆောင်မှုများ၊ သူနာပြု၊ ဖျော်ဖြေရေး၊ ကျွမ်းကျင်လုပ်သားများ၊, သီးသန့် ကျွမ်းကျင်မှုရှိသည့် အလုပ်သမား

### အသိပေးရန်အတွက် အောက်ပါအကြောင်းရင်းများ လိုအပ်ပါသည်။

- ကျောင်း သို့မဟုတ် အလုပ်ခန့်ထားသည့် ကုမ္ပဏီ စသူတို့၏ အမည်၊ **လိပ်စာ ပြောင်းလဲခြင်း၊ သို့မဟုတ် ဖျက်သိမ်းခြင်း**
- ကျောင်းများ သို့မဟုတ် သင်အလုပ်လုပ်သည့် ကုမ္ပဏီများ ကဲ့သို့သော အဖွဲ့အစည်းများမှ **နှုတ်ထွက်ခြင်း သို့မဟုတ် ပြောင်းရွှေ့ခြင်း**
- ကုမ္ပဏီတစ်ခု ကဲ့သို့သော စာချုပ်ဖြင့် အလုပ်လုပ်သည့် အဖွဲ့အစည်းတစ်ခုဖြင့် စာချုပ်ကို ရပ်စဲခြင်း၊ **စာချုပ်အသစ်တစ်ခု အပြီးသတ်ချုပ်ဆိုခြင်း**

အသိပေးရန်လိုအပ်ချက်များအားဖြည့်ဆည်းရန်ပျက်ကွက်ပါကသို့မဟုတ် လိမ်လည်ပြီး တင်သွင်းပါက အပြစ်ပေးခြင်း ခံရပါလိမ့်မည်။

◆ အကယ်၍ သင်သည် ဂျပန်လူမျိုး၏ “မိသားစုအဖြစ် နေထိုင်ခြင်း”၊ “ဂျပန်လူမျိုး၏ အိမ်ထောင်ဖက်” သို့မဟုတ် “ထာဝရနေထိုင်ခွင့်ရသူတစ်ဦး၏ အိမ်ထောင်ဖက်” ကဲ့သို့သော နေထိုင်ခွင့်အဆင့်ရှိသူတစ်ဦးဖြစ်ပါက သင် ကွာရှင်းသည့်နှင့် သို့မဟုတ် တစ်ခုလပ်ဖြစ်သည့်နှင့် ကျေးဇူးပြု၍ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနသို့ ချက်ချင်းအသိပေးပါ။




အိမ်ထောင်ဖက်နှင့် ကွာရှင်းခြင်း၊ သေဆုံးခြင်း

အစီရင်ခံရန် ဝတ္တရားမှာ အိမ်ထောင်ဖက်တာဝန် ယူထားရသူ၏ နေထိုင်ခွင့်အဆင့်အတန်းအတွက် အခြေခံလိုအပ်ချက် ဖြစ်သည်။ အခြားသူများ အကျုံးမဝင်ပါ။ အကယ်၍သင်သည် ကွာရှင်းထားသူဖြစ်ပါက သို့မဟုတ် သင်၏ အိမ်ထောင်ဖက် သေဆုံးသွားပါက လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ကိုသာမက သက်ဆိုင်ရာ မြို့နယ်ရုံးကိုလည်း အစီရင်ခံစာ တင်သွင်းရမည်။
အသိပေးရန် ဝတ္တရားကို ဖြည့်ဆည်းရန် ပျက်ကွက်မှု သို့မဟုတ် မှားယွင်း အသိပေးမှုများက အပြစ်ပေးခြင်း ခံရစေလိမ့်မည်။

◆ သင်အလုပ်လုပ်သည့် အဖွဲ့အစည်းပြောင်းလဲခြင်း၊ နှင့် အိမ်ထောင်ဖက်နှင့် ကွာရှင်းခြင်း သို့မဟုတ် အိမ်ထောင်ဖက် သေဆုံးခြင်းတို့ကဲ့သို့သော အရာများအတွက် အသိပေးခြင်းကို အင်တာနက်မှတဆင့်လည်း ပြုလုပ်နိုင်ပါသည်။

ဤနေရာတွင် ရှာပါ။

| လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန အီလက်ထရောနစ် အသိပေးစနစ် | ရှာဖွေပါ |
|---|---|

http://www.immi-moj.go.jp/i-ens/

# သင့်ထံတွင် ပြဿနာများရှိချိန်တွင် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ

## အရေးပေါ်အချိန်

ရာဇဝတ်မှု သို့မဟုတ် မတော်တဆမှုအတွက်

**၁၁၀ ကို ခေါ်ပါ**



မီးဘေး၊ နာမကျန်းမှု သို့မဟုတ် ဒဏ်ရာရရှိမှုအတွက်

**၁၁၉ ကို ခေါ်ပါ**



## နေထိုင်ခွင့်အခြေအနေနှင့်ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်လိုပါက

**လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အချက်အလက်စင်တာ**

**တယ်လီဖုန်းနံပါတ်　0570-013904**

(တနင်္လာမှ သောကြာနေ့အထိ နံနက် ၈ နာရီ ၃၀ မိနစ် မှ ညနေ ၅ နာရီ ၁၅ မိနစ်အထိ)



အကူအညီကို အင်္ဂလိပ်၊ကိုရီးယား၊တရုတ်၊စပိန်၊ပေါ်တူဂီ၊ဖိလစ်ပိုင်နှင့် ဗီယက်နမ်ဘာသာစကားများဖြင့် တောင်းဆိုရရှိနိုင်ပါသည်။

## နိုင်ငံခြားသားများ၏နေထိုင်ခွင့်နှင့်စပ်လျဉ်း၍ ဆွေးနွေးတိုင်ပင်လိုပါက

နိုင်ငံခြားသားများနေထိုင်မှုဆိုင်ရာကူညီပံ့ပိုးရေးစင်တာ(FRESC)
(တိုကျိုလူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန)
တယ်လီဖုန်းနံပါတ် 03-5363-3025 (ကြိုတင်စာရင်းပေးမှုသီးသန့်)
(တနင်္လာမှ သောကြာနေ့အထိ နံနက် ၉နာရီမှ ညနေ ၅နာရီ အထိ)
ကြိုတင်စာရင်းပေးရန်ဖောင်　http://www.moj.go.jp/isa/support/fresc/fresc_2.1.html
လိပ်စာ : Yotsuya Tower 13 F, 1 Chome-6-1 Yotsuya, Shinjuku City,Tokyo

外国人在留支援センター FRESC

## နေ့စဉ်လူနေမှုဘဝနှင့် ပတ်သက်၍ တိုင်ပင်လိုပါက

တိုကျို နိုင်ငံခြားသား နေထိုင်မှု အကြံပေးစင်တာ

| ဘာသာစကား | တိုင်ပင်နိုင်သည့်နေ့ | တယ်လီဖုန်းနံပါတ် |
|---|---|---|
| အင်္ဂလိပ် | တနင်္လာနေ့မှ သောကြာနေ့ထိ | 03-5320-7744 |
| တရုတ် | အင်္ဂါနေ့နှင့် သောကြာနေ့ | 03-5320-7766 |
| ကိုရီးယား | ဗုဒ္ဓဟူးနေ့ | 03-5320-7700 |



တိုင်ပင်ဆွေးနွေးသည့်အချိန်များ　နံနက် ၉ နာရီ ၃၀ မိနစ်မှ ညနေ ၅ နာရီအထိ

# ဂျပန်နိုင်ငံတွင် နေထိုင်သော နိုင်ငံခြားသားများအတွက် လက်စွဲစာအုပ်




တိုကျိုမြို့တော် ပြည်သူလူထု ဘေးကင်းလုံခြုံရေးမှု
မြှင့်တင်ရေးဌာနချုပ် ဝက်ဘ်ဆိုက်မှလည်း အခမဲ့
ဒေါင်းလုတ် လုပ်နိုင်ပါသည်။

| ဂျပန်နိုင်ငံတွင် နေထိုင်သော နိုင်ငံခြားသားများအတွက် လက်စွဲစာအုပ် | ရှာဖွေပါ |
|---|---|

https://www.tomin-anzen.metro.tokyo.lg.jp/chian/chiankaizen/gaikokujin/zairyuumanyuaru/index.html


ထုတ်ပေးသူ - တိုကျိုမြို့တော်တွင် နေထိုင်သူများ ဘေးကင်းလုံခြုံမှု
မြှင့်တင်ရေးဌာနချုပ်/ အထွေထွေ မြှင့်တင်ရေးဌာနချုပ်/
လုံခြုံရေးလုပ်ငန်းများ ဆက်ရှင်-

2-8-1- Nishi-Shinjuku-ku, Shinjuku-ku, Tokyo 163-8001
☎ 03-5388-2279

2021年3月発行

ミャンマー語版

| 印刷物登録番号 |
|---|
| ( 2 ) 29 |



リサイクル適性Ⓐ
この印刷物は、印刷用の紙へリサイクルできます。